# သတင်းကောင်းနှစ်ခြင်းအသင်းတော် (ရန်ကုန် - ၁)
## အမှတ် - ၃၈၈၊ဗဟိုလမ်း၊ကြို့ကုန်းအနောက်၊အင်းစိန်၊ရန်ကုန်မြို့။

သင်းအုပ် - သိက္ခာတော်ရဆရာလှမြင့် (ဖုန်း - ၂၂၇၇၄၅၊ ဖက်(စ်) - ၂၂၇၀၆၈)
ဆရာ၊ဆရာမ- ဓမ္မဆရာခူဂေးတိုး၊ လက်ထောက်စေတမန် ဆရာမခင်စုသွင်

## လစဉ်သတင်းလွှာ
## ဇူလိုင်လ – ၂၀၀၆

**၁။အသင်းတော်သတင်း**

(က) ၂၀၀၆ခုနှစ် ၊ဇူလိုင်လ ပထမအပတ် (၂. ၇. ၀၆) နေ့တွင် ဤအသင်းတော်၌ပွဲတော်မင်္ဂလာနှင့် သင်းထောက်အဖွဲ့အစည်းအဝေး ရှိပါ၍၊ သင်းထောက်အဖွဲ့ဝင်များမပျက်မကွက်စည်းဝေးတက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

(ခ) ဤအသင်းတော်၏တစ်ပါတ်တာကာလကျမ်းစာသင်တန်းကို ၁၉. ၆. ၀၆ မှ ၂၄. ၆. ၀၆ နေ့အထိပြုလုပ်ခဲ့ရာ ညစဉ်ပုံမှန်တကရောက်သူ ၁၃၀မျှရှိပြီး၊ အလှူငွေစုစုပေါင်းကျပ် ၂၉၀၆၅၀/-ရရှိသဖြင့် ဝိညဉ်ရေးရာ နိုးထမှုဖြစ်စေသည်သာမက ဘဏ္ဍာကြေးငွေလည်းတိုးပွားမှုဖြစ်စေပါ၏။ ညစဉ်ဤကဲ့သို့ ဘဏ္ဍာကြေးငွေ အားဖြင့်သော်လည်းကောင်း၊ သွားလာပို့ဆောင်ရေးအားဖြင့်သော်လည်းကောင်း ဆက်ကပ်ပါဝင်ကူညီသူများ ကိုဤအသင်းတော်မှ ကျေးဇူးဥပကာယတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

(ဂ) ဤကဲ့သို့နှုတ်ကပါတ်တော်ခံယူပြီး ၂၅. ၆. ၀၆ နေ့အနာငြိမ်းခြင်းအစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ ရောဂါ ပေါင်းစုံဝေဒနာသည်(၂၃)ဦး အနာငြိမ်းလျှက် ဘုရားရှင်၏တန်းခိုးသက်ရောက်မှုနှင့် အနာငြိမ်းခြင်းအရှင် သည်ခရစ်တော်ဖြစ်ကြောင်းကို မျက်ဝါးထင်ထင်တွေ့မြင်ရကြောင်း ဖော်ပြအပ်ပါသည်။

(ဃ)ဤကဲ့သို့သောအစီအစဉ်များကို ဤကာလ၌လည်းဆက်လက်ပြုလုပ်မည်ဖြစ်ရာ ကျမ်းစာသင်တန်းကို ၂၄. ၇. ၀၆ မှ ၂၉. ၇. ၀၆ အထိပြုလုပ်မည်ဖြစ်ပြီး အနာငြိမ်းအစီအစဉ်ကို ၃၀. ၇. ၀၆ ဝတ်ပြုခြင်းအစီအစဉ်၌ပြုလုပ်မည်ဖြစ်ရာ မည်သူမဆိုလာရောက်ခံယူနိုင်ကြောင်းဖိတ်ခေါ်အပ်ပါသည်။

(င) ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးကို ၂. ၇. ၀၆နေ့ဝတ်ပြုခြင်းအပြီးမှာ ထုတ်ပေးမည်ဖြစ်ပြီး၊ မူလတန်းမှ ဆေးတက္ကသိုလ်အထိ စာသင်သား/သူ (၁၁)ဦးထောက်ပံ့ပေးနိုင်ကြောင်းနှင့် ထောက်ပံ့နှုန်းမှာ မူလတန်းကျပ် ၁၅၀၀၀/-၊ အလယ်တန်း ကျပ်၂၀၀၀၀/-၊ အထက်တန်း ကျပ်၃၀၀၀၀/-နှင့် ဆေးတက္ကသိုလ် ကျပ်၆၀၀၀၀/- အထိထောက်ပံ့မှုရှိကြောင်းဖော်ပြအပ်ပါသည်။

(cc)

**၂။အသင်းတော်လုပ်ငန်းဆောင်ရွက်ခြင်း**

(က) **POUCH**အဖွဲ့ဝင်များတွေ့ဆုံပွဲကို ၁၆. ၇. ၀၆ နေ့၊ နေ့လည်၁း၀၀နာရီအချိန်မှဤအသင်းတော်၌ တွေ့ဆုံရန်သတ်မှတ်ချိန်းချက်ချိန်ဖြစ်ပါ၍၊ အဖွဲ့ဝင်များမပျက်မကွက်အင်တိုက်အားတိုက်တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။
(ခ) ပင်တေကုတ္တေနေ့ကိုသတိပြုပြီး ကမ္ဘာလုံးဆိုင်ရာ ဆုတောင်းခြင်း Global day of Prayer အစီအစဉ်ကို CBC အသင်းတော်တွင် ၄-၆-၀၆ နေ့ည ၆း၀၀နာရီအချိန်၌ပြုလုပ်ရာ အသင်းတော်ပေါင်းစုံမှလူတစ်ထောင်ခန့် ခန့်မှန်းမျှော်လင့်ကျင်းပရာလူပေါင်း၉၀၀ ခန့်ရောက်ရှိလာမှုရှိသော်လည်း ဤအသင်းတော်မှ ရောက်ရှိပါဝင်မှု အားနည်းကြောင်းတွေ့ရပါ၍၊လာမည့်နှစ်အတွက်ယခု၌ပင်နှလုံးသွင်းဆက်ကပ်ပါဝင်ကြတိုက်တွန်းအပ်ပါသည်။
(ဂ) ဤလအတွက်အပါတ်စဉ်တနင်္ဂနွေနေ့တိုင်းပြုလုပ်သည့်နံနက်(၉း၀၀)နာရီမှ(၉း၃၀)အထိဆုတောင်းခြင်းအစီအ

စဉ်တွင်ဦးဆောင်မည့်သင်းထောက်များမှာအောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ပထမအပတ် | ၂-၇-၀၆ | ဦးအောင်ကျော်စိုး |
| ဒုတိယအပတ် | ၉-၇-၀၆ | ဦးသီဟ |
| တတိယအပတ် | ၁၆-၇-၀၆ | ဦးအာရှန် |
| စတုတ္တအပတ် | ၂၃-၇-၀၆ | ဦးလှမြင့် |
| ပဉ္စမအပတ် | ၃၀-၇-၀၆ | ဦးအောင်ကျော်မိုး |

(င) လိုင်သာယာသို့သွားရောက်ဦးဆောင်ရမည့်သူများမှာ အောက်ပါအတိုင်းဖြစ်ကြောင်းဖေါ်ပြအပ်ပါသည်။

| | |
|---|---|
| ပထမအပတ် | ဆရာမကင်မင်းဒင် |
| ဒုတိယအပတ် | ဦးသီဟ |
| တတိယအပတ် | ဦးအောင်ကျော်မိုး |
| စတုတ္တအပတ် | ဦးရှော့ဖဲလို |
| ပဉ္စမအပတ် | ဦးရဲလှိုင် |

**၃။ချီးမွမ်းခြင်း (ဇွန်လမွေးဖွားသူများ)**

| | | | |
|---|---|---|---|
| ၁။ ဒေါ်ရှီစီထူး | ၂၄. ၇. ၄၀ | ၂။ သဇင်ထွန်း(ဝါလေး) | ၂၄. ၇. ၇၉ |
| ၃။ ဒေါ်အမ်ဂျာနန် | ၁၀. ၇. ၄၉ | ၄။ စောခူသေး | ၂၄. ၇. ၇၂ |
| ၅။ စောဂျိမ်းစ်ထက်အောင် | ၂၈. ၇. ၉၆ | ၆။ စောဂျွန်သက်အောင် | ၂၈. ၇. ၉၆ |
| ၇။ ဦးရှော့ဖဲလို | ၁၀-၇-၄၇ | ၈။ ဒေါ်ဖေါဖေါ | ဝါဆိုလဆန်း၁၃ရက်၁၂၉၇ |
| ၉။ မစတဲလာ | ၆-၇-၆၉ | | |

**ဇွန်လ-လက်ထပ်သူများ**

၁) ဦးမျိုးလွင် - ဒေါ်ဂျူးဝဲလ် ၂၀-၇-၁၉၇၄

**၄။ ဘဏ္ဍာရေးအခြေအနေ (မေလ ဝင်ငွေ/ထွက်ငွေ)**

| အလှူငွေခေါင်းစဉ် | ဧပြီလ လက်ကျန် | မေလ ဝင်ငွေ | မေလ ထွက်ငွေ | စုစုပေါင်း |
|---|---|---|---|---|
| ယုံကြည်ခြင်းမျိုးစေ့(E1) | **1893741** | **409600** | **0** | **2303341** |
| Pdk (E2 ) | **166910** | **4110** | **0** | **171020** |
| ပြည်ပသာသနာ(E3) | **313000** | **1600** | **0** | **314600** |
| အလှူတော်ငွေ | **1312098** | **238650** | **216775** | **1333973** |
| ကရုဏာကျေးဇူးတော်မြတ် | **324284** | **500** | **124750** | **200034** |
| မိတ်သဟာရ | **0** | **57615** | **57615** | **0** |
| ဇဝ်ဂေလိ | **107719** | **10000** | **0** | **117719** |
| အဆောက်အဦး | **-1921775** | **357865** | **0** | **-1563910** |
| Endowment Fund | **368589** | **1000** | **0** | **369589** |
| စုစုပေါင်း | **2564566** | **1080940** | **399140** | **3246366** |

**၅။ ဆုတောင်းခြင်းအစီအစဉ်**

(က) အရှက်ဦးဆုတောင်းခြင်း - ၉-၇-၀၆ နေ့နံနက် ၆း၀၀နာရီမှ ၈း၀၀နာရီအထိ

(ခ) ညလုံးပေါက်ဆုတောင်းခြင်း- ၂၆-၇-၀၆ နေ့ည ၇း၀၀နာရီမှ ၁၂း၀၀နာရီအထိ

(ဂ) အစာရှောင်ဆုတောင်းခြင်း - ၁၉-၇-၀၆ နေ့နံနက် ၉း၀၀နာရီမှ ၃း၀၀နာရီအထိ

(ဃ)လစဉ်မိမိတို့မွေးရက်တိုင်း၌ မည်သူမဆို အသင်းတော်၌ တစ်နေ့တာအစာရှောင်ဆုတောင်းခြင်းဖြင့် လာရောက်ဆက်ကပ်ပါဝင်ကြပါရန် ဖိတ်ခေါ်ပါသည်။

**၆။အသင်းတော်ဝတ်ပြုခြင်းနှင့်အခြားအစီအစဉ်**

| | |
|---|---|
| က)C.S.C(Church School for Children) | နံနက်(၉း၃၀ - ၁၀း၃၀)နာရီ။ |
| ခ) သမ္မာကျမ်းစာလေ့လာခြင်း | နံနက်(၉း၃၀ - ၁၀း၃၀)နာရီ။ |
| ဂ)နံနက်ပိုင်းဝတ်ပြုခြင်း | နံနက်(၁၀း၃၀- ၁၂း၀၀)နာရီ။ |
| ဃ)နံနက်ပိုင်းဝတ်ပြုခြင်းအပြီး လူငယ်နှင့်အမျိုးသမီးအစီအစဉ်များ ဆက်လက်ဝတ်ပြုခြင်း။ | |
| င)ညနေပိုင်းဝတ်ပြုခြင်း | ညနေ(၅း၀၀ - ၆း၃၀)နာရီ။ |
| စ)ဗုဒ္ဓဟူးနေ့ဆုတောင်းခြင်း | ညနေ(၄း၀၀ - ၄း၄၅)နာရီ။ |
| ဆ)ဗုဒ္ဓဟူးနေ့ဝတ်ပြုခြင်း | ညနေ(၅း၀၀ - ၆း၃၀)နာရီ။ |
| ဇ)စနေနေ့တိုင်း P.O.U.C.H ခေါင်းဆောင်သင်တန်း | နံနက်(၇း၀၀ - ၈း၃၀)နာရီ။ |
| ဈ)စနေနေ့တိုင်း (Choir, Solo, Praise & Worship Practice and PET Outreach) | နံနက်(၉း၃၀ - လိုအပ်သလို)နာရီ။ |

**၇။ဆုတောင်းရန်**

က) မြန်မာနိုင်ငံဝိညာဉ်ရေးရာနိုးထရန်။
ခ) တိုင်းနိုင်ငံနှင့်မင်းအစိုးရ။
ဂ) မိတ်သဟာရနှင့် P.O.U.C.H အောင်မြင်တိုးပွားရန်။
ဃ)အသင်းတော်အဆောက်အဦးတိုးချဲ့တည်ဆောက်ရန်။
င) **"ထာဝရဘုရား၏အမှုတော်ကိုဝမ်းမြောက်စွာဆောင်ရွက်ကြလော့"**(ဆာလံ၊ ၁၀၀း၂)
စ) ယေရုရှလင်မြို့ ငြိမ်ဝပ်မည့်အကြောင်းဆုတောင်းကြလော့ (ဆာ၊၁၂၂း၈)
ဆ) Gospel for .......... (Nov)

သင်တို့အားဘုရားသခင်ကောင်းကြီးပေးပါစေ။
စာပေအဖွဲ့
သတင်းကောင်းနှစ်ခြင်းအသင်းတော်၊ရန်ကုန်-၁

**ရက်စွဲ၊ ၂၀၀၆ ခုနှစ် ၊ ဇွန်လိုင်လ (၄) ရက်။**

ကန့်သတ်